# သက်စမ်းရေ




## ကောင်းကင်နှင့်ဆက်သွယ်ခြင်း

### သခင်ယေရှု ကျွန်ုပ်တို့အား သင်ကြားပေးသည့် ဆုတောင်းချက် (လုကာ ၁၁း၁)

ဘုရားသခင်ဟာ သူ့ရဲ့သားသမီး အယောက်စီတိုင်းနှင့် သူ့ကိုသိသူတိုင်းအား သူနှင့် ကိုယ်တော်တိုင် တိုက်ရိုက်ဆက်သွယ်စေလိုပါသည်။ အခြားတစ်ဦး၏ ဆုတောင်းပေးခြင်းဖြင့် တဆင့် ဆက်သွယ်ပေးခြင်းမျိုးကို အလိုမရှိပေ။ ကျွန်ုပ်တို့ တစ်ဦးချင်းဟာ ကိုယ်တိုင်ကိုယ်တော်နှင့် ရင်းရင်းနှီးနှီး ဆက်သွယ်ရန် ဆုတောင်းခြင်းကို သင်ယူဖို့ လိုပေသည်။ ၄င်းမှာ ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြား ဆက်သွယ်မှု စကားပြောကြေးနန်းဖြင့် ဘုရားသခင်နှင့် ဆက်သွယ်ခြင်းမျိုးပင်ဖြစ်ပါသည်။

ဘုရားသခင်ဟာ ကျွန်ုပ်တို့ရဲ့ မေးခွန်းများ၊ ပြဿနာများနဲ့ အခက်အခဲများရဲ့ အဖြေကို ပေးလိုပါတယ်။ သူဟာ ကျွန်ုပ်တို့ဘာလုပ်သင့်သလဲ ဘာလုပ်ရမလဲဆိုတာကို သေသေချာချာသိနှင့်ပြီးဖြစ်တဲ့အတွက် ကျွန်ုပ်တို့ဟာ မိမိတို့၏ အခက်အခဲများအား ကိုယ်တိုင်ဖြေရှင်းမဲ့အစား သူ့ကို ခေါ်စေချင်ပါတယ်။ သူက ဘယ်လို ပြောထားသလဲဆိုရင် “တောင်းကြလော့၊ တောင်းလျှင်ရမည်၊ ရှာကြလော့၊ ရှာလျှင်တွေ့မြင်။ တံခါးကို ခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်” (မဿဲ ၇း၇)




ကိုယ်တော်အတွက် အဖြေဟာ အင်မတန်မှ ရိုးစင်းပြီး ပြဿနာများဟာလည်း သူ့အတွက်အင်မတန်မှ လွယ်ကူပါတယ်။ ကျွန်ုပ်တို့ဘက်က လုပ်ရမဲ့အရာကတော့ တောင်းဆိုဖို့ပါဘဲ။ ရမယ်လို့ သူကတိပေးထားပါတယ်။ အဲဒါမို့ သင့်ရဲ့ပြဿနာအားလုံးကို သင်ကိုယ်တိုင်ဖြေရှင်းမှ ရမယ်လို့ မထင်ပါနဲ့။ ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံမှ အဖြေကို ရယူပါ။ သူပြောထားပါတယ် “ငါ့ကိုခေါ်လော့ ငါထူးမည်။ ကြီးသောအရာ၊ သင်မသိနိုင်အောင် နက်နဲသောအရာတို့ကိုငါပြမည်” (ယေရမိ ၃၃း၃)

“ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ၊ ငါ့ကိုခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏။” (ယော ၁၅း၅ ဖိလိပ္ပိ ၄း၁၃ တို့တွင်ကြည့်ပါ။) အဲဒါမို့ သင်ဟာအကူအညီအမှန်တကယ် လိုအပ်ပါက ဘုရားသခင်ကိုပြောပါ။ “ထမ်းရွက်ရသောတာဝန်ကို ထာဝရဘုရား၌ ချထားလော့။ သင့်ကိုမစတော်မူမည်။ သင်တို့ကို သတိနှင့်ကြည့်ရှုတော်မူသောကြောင့် သင်တို့၌ စိုးရိမ်ခြင်းအမှု ရှိသမျှတို့ကို ကိုယ်တော်၌ အပ်နှံကြလော့” (ဆာလံ ၅၅း၂၂, ၁ပေ ၅း၇) ဘုရားသခင်ရဲ့ ပုခုံးဟာ ဘယ်ဝန်ထုတ်ဝန်ပိုးကိုမဆိုထမ်းရွက်နိုင်လောက်အောင်ကျယ်ပါတယ်။ လူတိုင်းရဲ့ ဝန်ထုတ်ဝန်ပိုးနဲ့ သူ့ရဲ့ ကိုယ်ပိုင်ဝန်ထုတ်ဝန်ပိုးကိုပါ ထမ်းနိုင်ပါတယ်။ အဲဒါမို့ ဆုတောင်းခြင်းဖြင့် သင်၏ ဝန်ထုတ်ဝန်ပိုး၊ အမှုအရာ၊ မေးခွန်းများ၊ ပြဿနာများနဲ့ လိုအပ်ချက်များအား သူ့ထံအပ်နှံတတ်ဖို့ သင်ယူရန် အရေးကြီးပါသည်။

သခင်ယေရှုက "ငါ့ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏" လို့ပြောပါတယ်။ ဒါဟာလည်း အခြေအနေတစ်ရပ်အပေါ်မှာ မူတည်ပါတယ်။ ၎င်းမှာ "ငါထံသို့ လာကြလော့" ဟူ၍ပင်ဖြစ် ပါသည်။ (မဿဲ ၁၁း၂၈-၃၀ တွင်ကြည့်ပါ)။ သင်ဟာဘုရားသခင် ထံသို့ ဆုတောင်းခြင်း၊ ယုံကြည်ခြင်းတို့ဖြင့်လာပြီး အဖြေတောင်းခံပါက သင်ရရှိပေမည်။ ဆုတောင်းခြင်းရဲ့ အဓိပ္ပါယ်ဟာ ဒါပါဘဲ။ ၎င်းဟာ ဘာသာရေး အခမ်းအနားတစ်ရပ်မဟုတ်ဘဲ ရှင်သန်နေသော ဆက်သွယ်မှုပင်ဖြစ်ပါသည်။

## ကောင်းကင်မှအသံတော်ကိုကြားနာခြင်း

လူအများစုအတွက် ဆုတောင်းခြင်းဟာ တစ်ဘက်သတ် ဟောပြောခြင်းဖြစ်ပြီး ပြောရာတွင်လည်း ၎င်းကသာပြောခြင်းဖြစ်သည်။ သူတို့ဆုတောင်းတဲ့အခါမှာလည်း ရှမွေလလေးလို "အို ထာဝရဘုရား အမိန့်ရှိတော်မူပါ" လို့မပြောဘဲ "နားညောင်းတော်မူပါ သခင်၊ ကိုယ်တော်၏ကျွန် စကားပြောနေပါတယ်"လို့ပြောတတ်ကြပါတယ်။ (ဓမ္မရာဇဝင် ပထမစောင် ၃း၁၀) ဘုရားသခင်ပြန်ပြောမယ့်စကားကိုတောင် ပြန်လည်ကြားနိုင်စွမ်းမရှိအောင် စကားအများကြီး ပြောတာထက် ဘုရားသခင်ရဲ့ စကားကိုနားထောင်ခြင်းနှင့်အကျိုးများစွာ ရရှိနိုင်ပါသည်။

ဆုတောင်းခြင်းဟာ ဒူးထောက်ပြီး ဘုရားသခင်နှင့် စကားပြောရုံသာမက ဘုရားသခင်ဘက်မှ ပြန်၍ပြောသောစကားကိုပါနားထောင်ခြင်းဖြစ်ပါသည်။ အဲဒါကြောင့် ဘုရားသခင်ဟာ ကျွန်ုပ်တို့ အယောက်စီတိုင်းအား သူ့ကို ကိုယ်တိုင်သိရှိလာပြီး သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝစေရန် အလိုရှိပါသည်။ သို့မှသာ ကျွန်ုပ်တို့ရဲ့ ပြဿနာများ၏ အဖြေကို ရရှိမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့ သင်ယူဖို့ရန် အမှန်တကယ်လိုအပ်ပြီး အရေးကြီးဆုံးသော အရာကတော့ ဘုရားသခင်ထံမှ နေ့စဉ်အသံတော်ကိုကြားနာပြီး သူ့ရဲ့စောင်မမှုအောက်မှာ လိုက်လျှောက်ဖို့ပဲဖြစ်တယ်။ သင်ဟာ တစ်ကြိမ်တစ်ခါ စိတ်လှုံဆော်ရုံနဲ့ တစ်သက်တာလုံးလုပ်ဆောင်၍မရပါ။ ၎င်းဟာ အစာစားတာနဲ့ တူပါတယ်။ အစာ တစ်ကြိမ်စားရုံနဲ့ တစ်နေ့လုံး ဗိုက်ဝမနေပါဘူး။ တစ်ပတ်သို့မဟုတ်တစ်လလည်းမခံပါဘူး။ အဲဒါမို့ ကျွန်ုပ်တို့ဟာ နေ့စဉ်အစာ စားဖို့လိုသလို ကျွန်ုပ်တို့ဟာ နေ့စဉ် စိတ်လှုံဆော်မှုရှိဖို့ လိုအပ်ပါတယ်။ သင်ဟာအသစ်သော ခွန်အားနဲ့ ဘုရားသခင်ရဲ့ဝိညာဉ်တော်ရရှိဖို့ လိုအပ်ပါတယ်။ ကောင်းကင်မှခွန်အားပေးမှုနှင့် လမ်းညွှန်မှုအား နေ့စဉ်နေ့တိုင်း ရရှိဖို့လိုအပ်ပါသည်။

သင်ဟာ ဘုရားသခင်ထံမှ အသံတော်ကို နေ့စဉ်ကြားနိုင်ပါသည်။ ၎င်းဟာ ကျယ်လောင်ဖို့လဲ မလိုအပ်ပါဘူး။ ကြားသာရုံဖြစ်ဖို့လဲမလိုပါဘူး။ ၎င်းဟာ "ဖြေးညှင်းသောအသံ" (ဓမ္မရာဇဝင် တတိယစောင် ၁၉း၁၂ တွင်ကြည့်ပါ) သာဖြစ်ပြီး ၎င်းကိုသင့်ရဲ့ နှလုံးသားထဲတွင် ခံစားနိုင်မည်။ တစ်ခါတစ်ရံမှာတော့ စကားလုံးနှင့်မဟုတ်ဘဲ အာရုံထဲတွင်ဖြစ်ပေါ်လာသဖြင့် သိနိုင်သည်။ ဘုရားသခင်ဟာ အမြဲတမ်း စကားအရာနဲ့ ဆက်သွယ်ခြင်းမဟုတ်ဘဲ သင့်အား ခံစားချက်ဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ စိတ်ကူးရုပ်ပုံလွှာအားဖြင့်လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

သူ့ရဲ့ဝိညာဉ်တော်ဟာ အသံလွှင့်ဌာနနဲ့တူပြီး ၎င်းဟာ တစ်ချိန်လုံး အသံလွှင့်ပေးနေပါတယ်။ သင့်အနေနဲ့ဘယ်လို Tune အသံလှိုင်းညှိယူရမလဲဆိုတာကို သင်ယူဖို့ဘဲလိုပါတယ်။ သင်ယုံကြည်မယ်ဆိုရင် သင်ယုံကြည်သည့် အချိန်တိုင်းမှာ သခင်ယေရှုဟာ အချိန်မရွေး၊ နေရာမရွေး ပြောနေပါတယ်။ အဲဒါမို့ သင်ဟာ ဘုရားသခင်ဆီမှာ အဖြေတောင်းရင် အဖြေကိုရမယ်လို့မျှော်လင့်ပြီး ပထမဆုံးသောအရာကို ခံယူလိုက်ပါ။

သင်ဟာ ဘုရားသခင်ကို တကယ်ယုံကြည်ပြီးတောင်းမယ်၊ ကြားလည်းကြားချင်မယ်၊ မြင်လည်းမြင်ချင်တယ်ဆိုရင် သင်စိတ်မပျက်ရပါဘူး။ သင့်ရဲ့ဝိညာဉ်နားမျက်စိတို့ဖြင့် ကြားရမြင်ရသော အရာတွေဟာ ဘုရားသခင်ထံမှ ဖြစ်တဲ့အတွက် နှစ်သိမ့်စရာ ဖြစ်စေပါလိမ့်မယ်။ အဲဒါမို့ ဘုရားသခင်ဟာ သင့်ကို အဖြေပေးမယ်လို့ မျှော်လင့်ပါ။ သင်ဟာ တကယ်စစ်မှန်တဲ့ စိတ်နဲ့တောင်းမယ်ဆိုရင် သူဟာသင့်ကို အဖြေပေးပါလိမ့်မယ်။

ဒါပေမဲ့သင်ဟာ အလျင်စလိုနဲ့ စိတ်ပူပန်ပြီး စိတ်မရှည် သည်းမခံနိုင်ဘူးဆိုရင် ဘုရားသခင်ဟာ ပြဿနာများရဲ့အဖြေ၊ မေးခွန်းများရဲ့အဖြေ၊ အခြေအနေအရပ်ရပ်တို့ရဲ့ အကောင်းဆုံးသော ဆုံးဖြတ်ချက်များပေးနိုင်တယ်ဆိုတဲ့ သင့်မျက်စိ၊ နား၊ ဦးနှောက်၊ နှလုံးသားတို့ဖြင့် အာရုံစူးစိုက်မှုအပြည့်အဝပေးနိုင်မှာ မဟုတ်တော့ပါဘူး။

သင်ဟာငြိမ်ဝပ်စွာနေပြီး ဘုရားသခင်ကို ကြိုးစားပြီးမရှာမခြင်း၊ ဘယ်လိုလုပ်ပြီး ဘုရားသခင်ဆီက တစ်စုံတစ်ရာကိုရမလဲ။ "ငြိမ်ဝပ်လျက်နေကြလော့။ ငါကားဘုရားသခင်ဖြစ်သည်ဟု သိမှတ်ကြလော့။ သင်တို့သည် ပြောင်းလဲ၍ ငြိမ်ဝပ်စွာနေလျှင် ယုံကြည်ခြင်းအားဖြင့် ခွန်အားအစွမ်းကို ရကြလိမ့်မည်။ (ဆာလံ ၄၆း၁၀၊ ဟေရှာယ ၃၀း၁၅ ) ။ သင်ဟာ ဘုရားသခင်၏ အသံတော်ကို ကြားရန်သင်ဟာ တစ်ကိုယ်တည်း အချိန်ယူပြီး ငြိမ်ဝပ်စွာနေရန် လိုပါသည်။

ဘုရားသခင်မှာ ကျော်ကြားတဲ့လူတိုင်း၊ မောရှေမှစ၍ သခင်ယေရှုတိုင် တစ်ဦးတည်း ဘုရားသခင်နှင့် ဆက်သွယ်ဖို့ တောင်ပေါ်ကိုတက်ပြီး တရားအားထုတ်ခြင်း၊ ဆုတောင်းခြင်းများကို ပြုလုပ်ကြပါသည်။ သခင်ယေရှုကိုယ်တော်တိုင် နံနက်အချိန်၊ မိုးမလင်းမီ သူ့ရဲ့ တပည့်တော်များမနိုးမီ တောင်ပေါ်ကိုတက်ပြီး ဘုရားသခင်နှင့် တစ်ဦးတည်းအတူရှိရန်နှင့် ထိုနေ့အတွက် သူ့ရဲ့ခမည်းတော်ဆီက အမိန့်ကို နာခံဖို့ သွားရပါတယ်။ (မာကု ၁း၃၅၊ လုကာ ၆း၁၂ တွင်ကြည့်ပါ) သခင်ယေရှု ကိုယ်တော်တိုင်တောင်မှ လုပ်ရတယ်ဆိုရင် ကျွန်ုပ်တို့အနေနှင့် ဒါထက်မက လုပ်ဖို့ပိုပြီး လိုအပ်ပါတယ်။

အဲဒါမို့ဒီကနေ့မှာဘဲစတင်ပါ။ ဘုရားသခင်ထံ ဆုတောင်းပြီး သူ့ရဲ့အသံတော်ကို နားထောင်ဖို့ အချိန်ယူပါ။ ဒါဟာလိုအပ်တဲ့ အရာတစ်ခုဘဲဖြစ်ပါတယ်။ ဒါမှမဟုတ်ရင် အခြေအနေဟာ ဖြစ်ရမည့်အတိုင်း ဖြစ်လာမှာမဟုတ်ဘူး။ သင်ဟာ သခင်ပေးတဲ့ တာဝန် ကို သခင်ရဲ့တန်ခိုးတော်နဲ့ စောင်မမှုမပါခဲ့ရင် လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။ ဒါတွေကို ရရှိဖို့သင်ဟာ ဘုရားသခင်နှင့်အတူ အချိန်ယူဖို့လိုပါတယ်။



သူပြောမဲ့အရာတွေကို နားထောင်မယ်ဆိုရင် သင့်ရဲ့ပြဿနာအတော်များများဟာ နေ့မကူးခင်မှာပင် သူဖြေရှင်းပေးမှာဖြစ်ပါတယ်။ ဒါပေမဲ့ သင်ဟာ သင့်ရဲ့ ဒုက္ခများ၊ အလုပ်များထဲမှာသာ နစ်မြုပ်နေပြီး သခင်နဲ့စကားပြောဖို့ အချိန်မပေးနိုင်ဘူး တပ်မှူးချုပ်ကြီး လမ်းညွှန်မှုကို မရယူဘူး၊ နှုတ်ကပတ်တော်ကို ဖတ်ရှုခွန်အားမယူဘူးဆိုရင် သင်ဟာ ဌာနချုပ်ရဲ့အမိန့်ကို မနာခံဘဲ တိုက်ပွဲကို မိမိ ဘာသာ ကြိုးစားတိုက်တဲ့ စစ်သားနဲ့တူနေမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့အားလုံးဟာ သက်စမ်းရေဖြစ်တဲ့နှုတ်ကပတ်တော်ကို သောက်သုံးပြီး ဆုတောင်းခြင်းအားဖြင့် သူနဲ့မိတ်သဟာယဖွဲ့ဖို့နဲ့ ဘုရားသခင်ထံတွင် ငြိမ်ဝပ်စွာနေပြီး ခွန်အားဖြည့်ဆည်းဖို့ လိုပါတယ်။ ၄င်းဟာ သင့်ကို လုံးဝအသစ်ပြန်ဖြစ်စေရုံသာမက ပြန်လည်လန်းဆန်းလာစေမှာ ဖြစ်ပါတယ်။ ၄င်းဟာ သင့်ကို အသစ်သောရှုပါရုံ၊ အသစ်သောဉာဏ်ပညာဖွံ့ဖြိုးမှု၊အသစ်သောခွန်အား၊ အနားရမှု၊ ငြိမ်သက်မှုနဲ့ ပျော်ရွှင်မှုတို့ကို ပေးမှာဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် "ထာဝရဘုရားကို မျှော်လင့်သောသူတို့ မူကား အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ" (ဟေရှာယ ၄၀း၃၁)

## "သွားလေရာရာ၌ ထာဝရဘုရားကိုမျက်မှောက်ပြုကြလော့" (သုတ္တံ ၃း၆)

ကျွန်ုပ်တို့ဟာ နေ့စဉ်နေ့တိုင်း ဘုရားသခင်နဲ့ အချိန်ယူပေမယ့် ကျမ်းစာထဲမှာပြောထားတာက အခွင့်အခါရသည်နှင့်အမျှ အချိန်တိုင်း မခြားမလပ် ဆုတောင်းရမယ်လို့ ပါပါတယ်။ ကျွန်ုပ်တို့ လုပ်လေရာတွင် စောင်မမှု ဉာဏ်ပညာနှင့်ခွန်အား အစရှိသည်တို့အတွက် "ယေရှုကို စေ့စေ့ထောက်ရှု"ဖို့လိုပါတယ်။ သူက "လူတို့သည် အားမလျော့ဘဲ ကြိုးစား၍ ဆုတောင်းရမည်၊ မခြားမလပ် ဆုတောင်းပဌနာပြုကြလော့" စုံစမ်းနှောင့်ယှက်ခြင်းနှင့် ကင်းလွတ်မည့်အကြောင်း ဆုတောင်းလျက်စောင့်နေကြလော့" လို့ပြောထားပါတယ်။ (ဟေဗြဲ ၁၂း၂, လု ၁၈း၁၊၁ သက်သာလောနိတ် ၅း၁၇၊ မဿဲ ၁၆း၄၁ တွင်ကြည့်ပါ။)

ဆုတောင်းခြင်းဆိုသည်မှာ သင်ဘာဘဲလုပ်နေပါစေ သင်တစ်ချိန်လုံး လုပ်သင့်တဲ့အရာ တစ်ခုဘဲဖြစ်ပါတယ်။ သင်ဟာဒါပြီးမှ ဟိုဟာပြီးမှ ဆုတောင်းမယ်ဆိုပြီး ပြီးအောင်စောင့်နေလို့မဖြစ်ပါဘူး။ ဒါဟာ ဘာနဲ့တူသလဲဆိုရင် သင့်ခြေထောက်ပေါ်ရပ်ပြီး စဉ်းစားနေတာမျိုး သို့မဟုတ် အသက်ရှုနေတာမျိုးနဲ့တူပြီး သန့်ရှင်းသော ဝိညာဉ်တော်ကို တစ်ချိန်လုံး ရှုရှိုက်ခြင်းဖြင့် ဘုရားသခင်နှင့်အမြဲတမ်း ဆက်သွယ်ခြင်းဘဲဖြစ်ပါတယ်။

ကျမ်းစာက ဘယ်လိုပြောထားသလဲဆိုရင် "သွားလေရာရာ၌ ထာဝရဘုရားကိုမျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏ခရီးလမ်းတို့ကို ပဲ့ပြင်တော်မူမည်" (သုတ္တံ ၃း၆) သင်ဟာလုပ်ငန်းတစ်ခုကို မစတင်မီ ဆုတောင်းဖို့ ပထမဆုံးသတိရမယ်ဆိုရင် သင့်ရဲ့လုပ်ငန်းများ အခက်အခဲများနှင့် အချိန်များတို့ကို ဘုရားသခင်က နည်းပါးသွားအောင် ပြုလုပ်ပေးမှာဖြစ်ပါတယ်။ သင်လုပ်ရမယ့် မည်သည့်အလုပ်မျိုးမဆို ၄င်းအတွက်ဆုတောင်းပါ။ ဆုတောင်းရာတွင် ကြီးကျယ်ရှည်လျားဖို့မလိုပါဘူး။ ထို့အပြင် ၄င်းဟာ ပွဲလမ်းသဘင် အခမ်းအနားတစ်ခုလည်း

မဟုတ်ပါဘူး။ ၄င်းဟာသခင်ယေရှုထံမှာ အကူအညီနှင့် လမ်းပြမှုအတွက် ခေတ္တရပ်ပြီး ကိုယ်တော်ထံအကူ အညီ တောင်းခြင်းပင်ဖြစ်ပါသည်။ ၄င်းဟာယုံကြည်စိတ်ချရပြီး အတွေ့အကြုံရင့်ကျက်တဲ့ မိတ်တွေတစ်ယောက်ကို အကူအ- ညီ တောင်းတာနဲ့တူပါတယ်။




သခင်ယေရှုဟာ သင်နဲ့အမြဲအတူရှိနေပါတယ်။ “ငါသည် သင့်ကိုမစွန့်၊ သင့်ကို အလျဉ်းပစ်၍မထား” (ဟေဗြဲ ၁၃း၅)ဟု ကတိပေးထားပါတယ်။

ဒီနေရာမှာ ဘုရားသခင်မရှိတာမဟုတ်ဘဲ အမှန်တကယ်ပျောက်သူကတော့ ကျွန်ုပ်တို့သာလျှင်ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ ဆုတောင်းဖို့ မေ့သွားခြင်းဖြင့် သူ့ထံမှ ထွက်ပြေးပြီး သူ့ကိုချန်ခဲ့တတ်ပါတယ်။ ခရစ်ယာန်အချို့ရဲ့ ကြီးမားတဲ့အမှား တစ်ချို့ကတော့ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်သာလျှင် သိရှိနိုင်တဲ့ ဘုရားသခင်ရဲ့ အကြံအစည်တော်ကို နားမထောင်ခြင်း ဘဲဖြစ်ပါတယ်။ ၄င်းအကြံအစည်တော်ဟာ သဘာဝမျှော်လင့်ချက်တွေနဲ့ ဆန့်ကျင်ပါတယ်။ လူတွေဟာ မိမိတို့ရဲ့ ကျိုးကြောင်းဆင်ခြင်ခြ င်းနဲ့ ဉာဏ် ပညာကို အမှီပြုပြီး လိုက်လျောတဲ့အခါမှာ မှားယွင်းတဲ့ရလဒ်တွေ ထွက်ပေါ်လာပါတယ်။ ကျမ်းစာထဲမှာ ကြိမ်ဖန်များစွာဘဲ လူတွေဟာ ဘုရားသခင်ဆီမှာ ဘာလုပ်ရမလဲဆိုတာ မမေးဘဲ မိမိတို့ရဲ့ ကျိုးကြောင်းဆင်ခြင်မှုတွေနဲ့ ဆုံးဖြတ်ချက်တွေချတဲ့အတွက် မှားယွင်းသွားတာကို တွေ့ရပါတယ်။

ကျွန်ုပ်တို့အသက်တာမှာ အရေးကြီးဆုံးသောအရာကတော့ သခင်ယေရှုဘဲဖြစ်ပြီး ၄င်းနှင့်နီးကပ်စွာနေလျက် ၄င်းအားဦးဆောင် လမ်းပြစေခြင်းဘဲဖြစ်ပါတယ်။ သူတစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့ ကို လမ်းပြဖို့ရန် တတ်နိုင်သူဖြစ်ပါသည်။ သူမပါခဲ့လျှင် ကျွန်ုပ် တို့ ဘယ်ကို သွားနေလဲ? ဘယ်လိုလုပ်ပြီး ရောက်အောင်သွားမလဲနှင့် ဘယ်အရာကိုမှ သိမှာမဟုတ်ပါဘူး။ ဒါပေမဲ့သူက ဘယ်ကိုလဲ၊ ဘယ်လိုလဲ ဆိုတာကို တိတိကျကျသိထားတဲ့အတွက် ကျွန်ုပ်တို့ အနေနဲ့ ဘာမှလုပ်စရာမလိုဘဲ သူလမ်းပြခေါ်ဆောင်ရာနောက်သို့ လိုက်ဖို့ဘဲဖြစ်ပါတယ်။ အရာရာတိုင်းမှာ သူ့ကိုဝန်ခံမယ်ဆိုရင် ကျွန်ုပ်တို့ရဲ့ခြေလှမ်းကို ပဲ့ပြင်ပေးမယ်လို့ ကတိတော်ပေးထားပါတယ်။ အဲဒါမို့ ပြဿနာတိုင်းရဲ့အဖြေအတွက် တောင်းခံပါ။ ဆုံးဖြတ်ချက်တိုင်းအတွက် သူ့ရဲ့ လမ်းပြမှုကို ခံယူပါ။ ဒါသာ သူသင့်ကို လုပ်စေ ချင်တဲ့အရာဖြစ်ကြောင်း သေချာအောင်လုပ်ပါ။ သူ့ကို ရှာပါ။ သူသည် သင့်ကို ဘယ်သောအခါမှ မပျက်ကွက်စေဘူး။ စိတ်မပျက်စေပါ ဘူး။

## ပညာရှိစကားများ

## စိတ်အားထက်သန်ပါ။

- ♥ စေ့ဆော်မှုနှင့် စိတ်အားထက်သန်မှုမရှိပါက မည်သည့်ကြီးကျယ်သည့်အရာကိုမှ မရနိုင်ပါ။
- ♥ စေခိုင်းမှုတိုင်းသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေပါက ကြီးကျယ်သောအမှုဖြစ်၏။
- ♥ စိတ်နှလုံးအကြွင်းမဲ့ဖြစ်ခြင်းသည် ကူးစက်တတ်ပါသည်။ အခြားလူများအား ဆွဲဆောင်လိုပါက သင်၏ကိုယ်ကိုပေးဆပ်ပါ။
- ♥ စိတ်အားထက်သန်ခြင်းထက်ပို၍ ကူးစက်တတ်သောအရာမှာ ဆန္ဒမရှိခြင်းပင်ဖြစ်ပါသည်။
- ♥ ဆောင်ရွက်စရာအမှုရှိသမျှကို ကြိုးစားအားထုတ်၍ ဆောင်ရွက်လော့။ (ဒေသနာ ၉း၁၀)
- ♥ အချိန်များစွာအသုံးပြုသောသူသည် ဒဿနိကပညာရှင် ဖြစ်သည်။ မေးခွန်းများစွာမေးခြင်းသည် ကျောင်းသားတစ်ယောက် ၏အမှတ်အသားဖြစ်ပြီး၊ အာမေဋိတ်သည်ကား ကမ္ဘာလောကကြီးကို ပြောင်းလဲစေသောသူ၏ အမှတ်အသားပင်ဖြစ်သည်။
- ♥ စိတ်အားထက်သန်ခြင်းနှင့် ကြံ့ကြံ့ခံခြင်းသည် သာမန်လူ တစ်ဦးအား သာလွန်ကောင်းမွန်သောသူဖြစ်စေသည်။ စိတ်ဝင်စားမှု မရှိခြင်းနှင့် အင်အားမဲ့ခြင်းသည် သာလွန်ကောင်းမွန်သူအား သာမန်လူတစ်ဦးသို့ ဖြစ်စေသည်။
- ♥ စိတ်အားထက်သန်ခြင်းသည် အောင်မြင်ခြင်းလှေကားသို့ တက်လှမ်းစေသည့် အင်အားတစ်ရပ်ပင်ဖြစ်ပါသည်။
- ♥ ‘စိတ်အားထက်သန်ခြင်း’ ဆိုသည့်စကား၏ မူရင်းဇစ်မြစ် မှာ “ဘုရားသခင်ထံမှာရှိခြင်း” သို့မဟုတ် “ကျွန်ုပ်တို့ထဲတွင်ဘုရား သခင်ရှိခြင်း” ဟူ၍ပင်ဖြစ်ပါသည်။ ထို့ကြောင့် အမှန်တကယ် စိတ်အားထက်သန်သူတစ်ဦး ပြုမူပြောဆိုသည့်အခါတိုင်းမှာ ဘုရား သခင်ကိုယ်တိုင် စွဲကပ်ပြောဆိုသကဲ့သို့ဖြစ်၏။

# ဧလိရှဲ၏လျှို့ဝှက်စစ်တပ်

(ဓမ္မရာဇဝင် စတုတ္ထစောင် အခဏ်းကြီး ၆ မှ)

ဘီစီ ၈၀၀ ပတ်ဝန်းကျင် ပရောဖက် ဧလိရှဲအချိန်တွင် အိမ်နီးချင်း ရှုရိဘုရင်မှနေ၍ ဣသရေလနိုင်ငံအား စစ်ကြေငြာလေ၏။ သို့ရာတွင် ၎င်းတို့၏လှုပ်ရှားမှုနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ ဆိုးဆိုးဝါးဝါး အမှားအယွင်းဖြစ်နေသည်ကို သူတွေ့ရလေသည်။ သူသွား၍တိုက်ခိုက်ဖို့ ကြံစည်သည့်အခါတိုင်း သို့မဟုတ် ချောင်းမြောင်းတိုက်ခိုက်ဖို့ ကြံစည်သည့်အခါတိုင်း ဣသရေလဘုရင်မှ ကြိုတင်ကြားသိပြီး ပြင်ဆင်မှုများပြုလုပ်ထားသည့်အတွက် ၎င်း၏ အကောင်းဆုံးသော စီမံကိန်းများကို ပျက်ပြားသွားစေပါသည်။

ဤကဲ့သို့ဖြစ်ရခြင်းဟာ တစ်ကြိမ်၊ နှစ်ကြိမ် မဟုတ်ဘဲ ကြိမ်ဖန်ပေါင်းများစွာဖြစ်နေတဲ့အတွက် ရှုရိဘုရင်ဟာ သူ့ရဲ့စစ်တပ်စခန်းမှာ သစ္စာဖောက်ရှိနေပြီလို့ သေသေချာချာတွက်မိလိုက်တယ်။ သူ့ရဲ့အရာရှိတွေကိုခေါ်ပြီး ဒေါသတကြီးနဲ့ “ငါတို့တွင် ဘယ်သူသည် ဣသရေလရှင်ဘုရင်လက်၌နေသည်ကို ငါ့အားမပြဘဲနေကြသနည်း” ဟုမေးလေ၏။

ဧလိရှဲရဲ့ ဘုရားသခင်တန်ခိုးကို ကြားဖူးထားတဲ့ အစေခံထဲက တစ်ယောက်က “ထိုသို့မဟုတ်ပါအရှင်မင်းကြီး” လို့ပြန်ဖြေလိုက်ပါတယ်။ “သို့ရာတွင် ကိုယ်တော်စက်တော်မူရာအခန်း၌မိန့် တော်မူသောအရာကိုပင် ဣသရေလပြည်၌ရှိသော ပရောဖက် ဧလိရှဲသည် ဣသရေလရှင်ဘုရင်အား ပြန်ပြောတတ်ပါသည်” ဟုလျှောက်လေ၏။

ယခုတော့ ရှင်ဘုရင်အတွက် ပြဿနာကိုဖြေရှင်းဖို့ လွယ်ကူသွားပြီဖြစ်ပါတယ်။ ဧလိရှဲကိုဖမ်းမယ်။ သူ့မှာဘာလက်နက်မှ မရှိဘူး။ ဒါဆိုရင် သူ့ရဲ့ပြဿနာဟာ ပြေလည်သွားမှာဖြစ်ပါတယ်။ ချက်ခြင်းဘဲ သူ့ရဲ့လူတွေကို “သူသည်အဘယ်အရပ်၌ရှိသည်ကို သွား၍ချောင်းကြည့်လော့။ သူ့ကို ဖမ်းဆီးစေခြင်းငှာ ငါစေလွှတ်မည်” ဟု မိန့်တော်မူ၏။ ထိုအခါ တစ်ယောက်က “သခင် ဧလိရှဲသည် ဣသရေလပြည်မြောက်ဘက်တွင်ရှိ ဒေါထန်မြို့တွင်ရှိပါသည်” ဟုလျှောက်လေ၏။

ထိုအခါရှင်ဘုရင်သည် သူ၏စစ်တပ်များအား စုပေါင်းလိုက်ပြီး “မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ ဗိုလ်ခြေများ” နှင့် ကျမ်းစာအရ ဒေါထန်မြို့ကိုသွားပြီး ဒီသိပ်သိနေတဲ့ လူကြီးကို ဖမ်းဖို့ ချီတက် သွားကြပါတယ်။

ညဉ့်အခါရောက်၍ မြို့ကိုဝိုင်းထားကြပြီး ဧလိရှဲကို အငိုက် ဝင်ရောက်ဖမ်းဆီးရန် ကြံစည်လေသည်။ ဒီဘုရားရဲ့လူဘယ်လိုမှမထွက်နိုင်အောင်ပိတ်ဆို့ထားလိုက်တယ်။

နောက်တစ်နေ့ နံနက်စောစောမှာ ဧလိရှဲရဲ့ ကျွန်ဟာထပြီး အပြင်ကိုထွက်တဲ့အခါ ကြောက်မက်ဖွယ်ရာကောင်းတဲ့မြင်ကွင်းဖြစ်တဲ့ ရှုရိတို့ရဲ့ မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ ဗိုလ်ခြေတို့ဟာ မြို့ကို ဝိုင်းထားတာကို တွေ့လိုက်ရပါတယ်။ ဒါနဲ့ ဧလိရှဲဆီကိုပြေးသွားပြီး “အိုသခင် ရှုရိတွေဟာ အခုမြို့ကို ဝိုင်းထားပြီ၊ ကျွန်ုပ်တို့ ဘယ်လိုလုပ်မလဲ?”




ဒါပေမဲ့ သူ့ကို အံ့အားသင့်စေတာက ဧလိရှဲအတွက် ဒီသတင်းဟာ ဘာမှစိတ်အနှောင့်အယှက်မဖြစ်စေဘဲ ဘာပဲဖြစ်ဖြစ် ဘုရား သခင်ဟာ သူတို့ကို ကယ်တင်မယ်ဆိုတဲ့ တန်ခိုးတော်ကို ယုံကြည် စိတ်ချနေပါတယ်။ သူမြို့ရိုးကနေကြည့်လိုက်ပြီးတဲ့အခါ တည်တည် ငြိမ်ငြိမ်နဲ့ပဲ အဲဒီ ကြောက်ရွံ့တုန်လှုပ်နေတဲ့ လူရွယ်ကို “မစိုးရိမ် နှင့် ငါတို့ဘက်၌နေသော သူတို့သည် ရန်သူတို့-ဘက်၌နေသောသူ တို့ ထက် သာ၍များသည်” ဟုဆိုလေ၏။

လူရွယ်ဟာ သူ့ကို မယုံကြည်စွာနဲ့ စူးစိုက်ကြည့်လိုက်ပါတယ်။ ဧလိရှဲဟာ ဘာတွေများပြောနေပါလိမ့်? ဒီဒေါသန်မှာရှိတဲ့ လူတွေဟာ ရှုရိလူတွေကို တိုက်ဖို့ ဘယ်သူမှအဆင်သင့်ရှိမနေတဲ့အပြင် ဣသရေလဘုရင်ရဲ့တပ်တွေဟာလည်း ဘယ်မှာမှ မတွေ့ရဘူး။ ဧလိရှဲမှာ လျှို့ဝှက်စစ်တပ်များရှိနေလို့များလား? သူဟာ ဧလိရှဲဟာ ဘုရားရဲ့လူဆိုတာကို သိပေမဲ့ ဧလိရှဲပြောတဲ့အရာတွေဟာ ဖြစ်နိုင်ဖို့ မလွယ်တာကို သူသိတယ်။

ဒီသူ့မိတ်ဆွေလူရွယ်နားလည်စေရန် စိတ်ထက်သန်စွာနဲ့ ကျယ်လောင်သောအသံနဲ့ “အိုထာဝရဘုရား ဤသူသည်မြင်နိုင်မည့်အကြောင်း သူ၏မျက်စိကို ဖွင့်တော်မူပါ” ဟုဆုတောင်းလေ၏။

ချက်ခြင်းဘဲ သူကြည့်လိုက်တဲ့အခါမှာ တုန်လှုပ်ဖွယ်ရာ မြင်ကွင်းကိုတွေ့ရပါတယ်။ ဧလိရှဲတစ်ချိန်လုံးမြင်နေခဲ့တဲ့အရာတွေပဲဖြစ်ပါတယ်။ရှုရိစစ်တပ်ကြီးကိုပတ်လည်ဝိုင်းရံနေတာကတော့ကောင်းကင်ဗိုလ်ခြေတွေဘဲဖြစ်ပါတယ်။ ‘မီးမြင်းနဲ့မီးရထား’ တွေဟာ မြို့ကိုပတ်ပြီး တတောင်လုံးပြည့်နေတာကို တွေ့ရပါတယ်။ ရှုရိလူတွေကတော့ ဆက်လက်ပြီး မြို့ကိုသိမ်းပိုက်ဖို့ ပြင်ဆင်နေကြပါတယ်။ ထင်ရှားတဲ့အချက်ကတော့ သူတို့ဟာ ပြန်ပြီး ဘုရားသခင်ရဲ့တပ်များနဲ့ ဝိုင်းရံခြင်း ကိုခံနေရတာပါပဲ။

ကောင်းကင်ဗိုလ်ခြေဟာ ဧလိရှဲဆီဆင်းလာတဲ့အခါမှာတော့ ဒီမီးရထားတွေကို သူအရင်တစ်ခါကမြင်ဘူးပြီးသားဖြစ်တယ်။ (ဓမ္မရာဇဝင် စတုတ္ထစောင် ၂း၁၁ တွင်ကြည့်ပါ) ဘုရားသခင်ဟာ အလွန်နီးကပ်စွာရှိနေတယ်ဆိုတာ သူသိသွားပြီး ဘုရားသခင် အား

ရှုရိတပ်သားများရဲ့ မျက်စိကို မမြင်စေရန်ဒဏ်ခတ်ဖို့ ဆုတောင်းလိုက်ပါတယ်။

ဒါဟာ ထူးဆန်းတဲ့တောင်းဆိုချက်ဖြစ်ပေမဲ့ ဧလိရှဲရဲ့ခေါင်းထဲမှာတော့ အံ့ဩဖွယ်ရာအကြံအစည်ရှိနှင့်နေပြီးဖြစ်ပါတယ်။ ဘုရားသခင်ဟာ သူ့ရဲ့ဆုတောင်းချက်အတိုင်း ဒဏ်ခတ်တော်မူ၏။ ဧလိရှဲဟာ မြို့တံခါးကနေထွက်ပြီး ရှုရိစစ်တပ်က တပ်မှူးထံကို ချဉ်းကပ်လိုက်ပါတယ်။ ဒီအချိန်မှာ ရှုရိတို့ဟာ မျက်စိမမြင်ဖြစ်သွားပြီး သူတို့မှာ ဘာတွေဖြစ်နေလဲ သူတို့ဘယ်ကိုရောက်နေပြီလဲ ဆိုပြီး တွေဝေနေကြတယ်။ သူတို့ဆီကိုရောက်တဲ့အခါ ဧလိရှဲက "ဤလမ်းမဟုတ်။ ဤမြို့လည်းမဟုတ်။ ငါ့နောက်သို့လိုက်ကြ။ သင်တို့ရှာသောသူရှိရာသို့ ငါပို့မည်" လို့ဆိုပါတယ်။ ဒါပေမဲ့ ၎င်းတို့ကို ဒေါသန်ကိုမပို့ဘဲ ဣသရေလပြည်ရဲ့မြို့တော်ရှမာရိမြို့ကို ပို့လိုက်ပါတယ်။




၎င်းတို့အားလုံး မြို့ထဲရောက်သွားတဲ့အခါမှာတော့ သူဆုတောင်းပါတယ်။ "အိုထာဝရဘုရား ဤသူတို့သည် မြင်နိုင်မည့်အ ကြောင်း သူတို့၏မျက်စိကိုဖွင့်တော်မူပါ" ချက်ခြင်းဘဲ စစ်သားတွေဟာ မျက်စိပွင့်သွားပြီး ၎င်းတို့ဟာကြောက်လန့်တကြားနဲ့ အရှုံးလုပ်ခံရပြီး ရှမာရိမြို့ထဲမှာရောက်နေပြီး ရန်သူတွေရဲ့အလယ်မှာ ရောက်နေတာကို သိလိုက်ရပါတယ်။

ဣသရေလရှင်ဘုရင်ကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားပါတယ်။ ခုအချိန်မှာ ရှုရိလူတွေကို ၎င်းတို့မမေ့နိုင်လောက်တဲ့ သင်ခန်း စာပေးဖို့ အကောင်းဆုံးအခွင့်အရေးပဲဖြစ်ပါတယ်။ အဲဒါ နဲ့ ဧလိရှဲကို ဝမ်းသာအားရနဲ့ "အဘ ထိုသူတို့ကို ခါးနှင့်သတ်ရပါမည်လော" ဟုမေးလေ၏။

"မသတ်ပါနှင့်" လို့ ဧလိရှဲက ပြန်ဖြေလိုက်ပြီး "ဓါးနှင့်ခုတ်လျက်၊ လေးနှင့်ပစ်လျက် စစ်တိုက်၍ ဖမ်းမိသောသူတို့ကို သတ် ရမည်လော? ၎င်းအစား ၎င်းတို့အား မုန့်နှင့်ရေကိုပေး၍ သူတို့စားသောက်ပြီးမှ ၎င်းတို့အိမ်သို့ ပြန်သွားပါစေ" လို့အမိန့်ပေးလိုက်ပါတယ်။ ကျမ်းစာအရ "ဧလိရှဲသည် များစွာသော စားစရာတို့ကို ပြင်ဆင်၍ စားသောက်စေပြီးမှ လွှတ်လိုက်သဖြင့် သူတို့သည် မိမိသခင်ထံသို့ ပြန်သွားကြ၏။

ဘယ်လောက်ချစ်စရာ၊ ကြင်နာစရာကောင်းတဲ့ အပြုအမူလဲ ? ၎င်းဟာတစ်ဘက် ရန်သူများအားထုံးစံမဟုတ်သော ချစ်ခြင်းမျိုးပေတည်း။ ဒါပေမဲ့ ၎င်းဟာအလုပ် ဖြစ်တာကို ဘယ်လိုဖတ်ရသလဲဆိုရင် "ထိုနောက်မှ ရှုရိလူတို့သည် အလိုအလျောက် တပ်ဖွဲ့၍ ဣသရေလပြည်သို့ မလာကြ" လို့ တွေ့ရပါတယ်။

ဧလိရှဲရဲ့ "လျှို့ဝှက်စစ်တပ်" ရဲ့ကာကွယ်မှုဟာ အင်မတန်မှ ထိရောက်ပါတယ်။ သူတို့တွေဟာ ဘုရားသခင်ရဲ့အစောင့် ကောင်းကင်တမန်တွေဘဲဖြစ်ပါတယ်။သင်တို့လည်းရရှိနိုင်ပါတယ်။ ဘုရားသခင်ကို ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးဖို့ရန် တောင်းဆိုဖို့ပဲလိုပါတယ်။ ကျမ်းစာထဲမှာ ပြောထားပါတယ် "ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့ ပတ်ချာလည်၌ ကောင်းကင်တမန်တို့သည် တပ်ချ၍ ကယ်လွှတ်တတ်ကြ၏။ (ဆာလံ ၃၄း၇) သင်သည် ဘုရားသခင်ထံမှ ကိုယ်စိတ်နှစ်ဖြာ ကျမ်းမာဖို့နှင့် ကာကွယ်မှု၊ စောင်မမှုတို့ကို နေ့စဉ်ရရှိဖို့ ယုံကြည်ပါသလား?

## နောက်ဆုံးသောကာလတွင် ကျွန်ုပ်တို့ရောက်ရှိနေကြောင်း၏
# သက်သေအထောက်အထားများ

အပိုင်း ၂

လွန်ခဲ့သည့် နှစ်ဆယ်ရာစုနှစ်တွင် သခင်ယေရှုမှနေ၍ အံ့ဩဖွယ်ရာ ကြိုတင်နိမိတ်လက္ခဏာအချို့အားပြောကြားခဲ့ရာတွင် နောက်ဆုံးသောနေ့ရက်များ မတိုင်မီတွင် ဖြစ်ပျက်မည့် နိမိတ်လက္ခဏာများ သခင်ယေရှုက ကမ္ဘာလောကကြီးသို့ ပြန်မကြွလာမည်နောက်ဆုံးနှစ်များအကြောင်းပင်ဖြစ်ပါသည်။ ဒီဆောင်းပါးတွင် ဤပရောဖက်ပြုချက်များ ဆက်လက်လေ့လာပါက ၎င်းတို့ဟာ ယနေ့အချိန်အခါ-တွင် အံ့ဩဖွယ်ရာပြည့်စုံလာတာကို တွေ့ရှိရပါသည်။

### အရပ်ရပ်တို့၌ အစာခေါင်းပါးခြင်း ... (မဿဲ ၂၄း၇)

မိုးခေါင်ခြင်းကြောင့် စီးပွားရေးပျက်စီးမှုသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ရှိသောလူများအား အခြားသော သဘာဝဘေးအန္တရာယ်များခံစားရခြင်းထက် ပို၍ဆိုးဝါးကြောင်း နိုင်ငံတကာ ကြက်ခြေနီအဖွဲ့မှ ပြောကြားပါသည်။ ယခုဘယ်အချိန်မှာမဆို ကမ္ဘာမြေကြီး

ရဲ့ငါးပုံတစ်ပုံဟာ ဆိုးဝါးတဲ့မိုးခေါင်မှုဒဏ်ကိုခံစား နေရပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ အာဖရိကတိုက်တွင် လူ ၅၅သန်းဟာ အနည်းဆုံးမိုးခေါင်မှု ဒဏ်ကို ခံစားနေရပါတယ်။ အီသီယိုးပီးယားတစ်နိုင်ငံတည်းမှာပင် ၁၉၈၄-၈၄ ငတ်မွတ်ခေါင်း ပါးဘေးအတွင်းတွင် လူ ၁ သန်းသေဆုံးပါသည်။

အခြေအနေဟာ ပိုမိုပြီးဆိုးဝါးလာပါတယ်။ Sub Saharan Africa သည် စစ်ဘေးဒဏ်၊ မိုးခေါင်သည့်ဒဏ်၊ ကပ်ရောဂါဒဏ်များကြောင့် ငတ်မွတ်ခေါင်းပါးခြင်း အသူတရာချောက်ထဲသို့ ကျလုနီးပါး အခြေအနေသို့ ရောက်ရှိနေပြီး လူသန်းပေါင်း ၂၀ ခန့်မှာလည်း အစာအစာငတ်မွတ်တော့မည့် အခြေအနေတွင်ရှိ နေပါသည်။ ၁၉၉၄ ခုနှစ်တွင် အခြေအနေပိုမို ဆိုးဝါးလာပြီး ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ မှ "သာမန်အတိုင်းမဟုတ်သည့် အရေးပေါ် စားနပ်ရိက္ခာ" (exceptional food emergencies) သည် ကမ္ဘာ့တိုက်ကြီးများ၏ ၄၇နိုင်ငံအနက် ၁၅နိုင်ငံအတွက်လိုအပ်နေပြီး လူဦးရေစာရင်းအရ အာဖရိကတိုက်တွင် အသက် ၅နှစ်အောက် ကလေးများ၏ သုံးပုံ တစ်ပုံမှာ အဟာရချို့တဲ့လျက်ရှိကြောင်း ဖော်ပြနေပါသည်။

၁၉၉၄ခုနှစ် တွင်တရုပ်ပြည် မြောက်ပိုင်းဒေသများတွင် "ရာစုနှစ်၏အဆိုးဝါးဆုံးသော မိုးခေါင်မှု" ကိုရင်ဆိုင်ရခြင်းကြောင့် ဂျုံဧက ၁၀ သန်းကျော်မှာ ပျက်စီးရန်ရှိပြီး လူ ၅. ၈သန်းမှာမူ သောက်သုံးရေ မလုံလောက်မှုကို ခံစားနေရပါသည်။

ကမ္ဘာတစ်ဝှမ်းလုံးတွင် နှစ်စဉ်လူ ၄သန်းမှာ အစာငတ်သေ ဆုံးသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ကမ္ဘာပေါ်ရှိလူဦးရေသုံးပုံနှစ်ပုံမှာ အစာရေစာမဝလင်ခြင်း သို့မဟုတ် ငတ်မွတ်နေသည်ဟု ခန့်မှန်းပါသည်။ အမေရိကန်ပြည်ထောင်စုမှာပင် ကလေးသူငယ် ၁၂ သန်းမှာ အဟာရဓါတ်ချို့တဲ့လျက်ရှိနေသည်ဟုခန့်မှန်းပါသည်။

အစာခေါင်းပါးခြင်းဟာ ပိုမိုရှိလာနိုင်သလား? ဘယ်အ ကြောင်းကြောင့်ဘဲဖြစ်စေ ကမ္ဘာ့ရာသီဥတုဟာ ပိုမိုဆိုးဝါးလာပါ တယ်။ မိုးခေါင်ခြင်း၊ အပူလှိုင်းများ၊ ရေကြီးခြင်း၊ လေမုန်တိုင်းကျ ခြင်း နှင့် တိုက်ဖုန်းမုန်တိုင်းများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးခြင်း သည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဖြစ်နေပါသည်။ ၎င်းကြောင့်ထောင် ပေါင်းများစွာသောလူများ သေဆုံးပြီး စီးပွားရေးကျဆင်းမှုများကို ဖြစ်ပေါ်စေသည်။ ၁၉၈၈-၉၃ ခုနှစ် ၆နှစ်တာ ကာလအတွင်းတွင် အမေရိကန်နိုင်ငံသည် သမိုင်းတစ်လျှောက်တွင် အဆိုးဝါးဆုံးသော ရာသီဥတုဒဏ် (၇)ကြိမ်ကိုခံရပြီး စုစုပေါင်း ပျက်စီးဆုံးရှုံးမှုမှာ ၉၃. ၃ ဘီလျံဒေါ်လာရှိသည်ဟု ခန့်မှန်းရပါသည်။

အစားအစာနှင့်ရေရှားပါးခြင်းသည် greenhouse effect (ပန်းပင်များစိုက်သော မှန်မိုးမှန်ကာ အဆောက်အအုံ) များကြောင့်လည်း ပိုမိုဆိုးဝါးလာစေပါသည်။ ထို့ပြင် ကမ္ဘာ့လေထုများ၏တ ဖြေးဖြေးပူနွေးလာခြင်းသည်လည်း ငတ်မွတ်ခေါင်းပါးခြင်းကို ပို၍ပြင်းထန်လာစေပါသည်။ ပတ်ဝန်းကျင်ဗေဒပညာရှင် Paul Ehrich - Stamford University ၏အစီရင်ခံစာအရ Greenhouse Effect ကြောင့် ဆက်လက်ပူနွေးလာပါက Computer မှဖြစ်ပေါ်လာသည့် Models များ၏ဖော်ပြချက်အရ နောင်လာ မည့် နှစ်ပေါင်း ၂၀အတွင်းတွင် အဓိက ငတ်မွတ်ခေါင်းပါးသည့် ဘေးကြီး ၄ခု ဖြစ်ပေါ်လာဖွယ်ရာရှိပြီး ၎င်းတစ်ခုစီတွင် လူသန်း ပေါင်း ၁၀၀မှ၂၀၀ အထိသေဆုံးဖွယ်ရှိသည်ဟု ဆိုပါသည်။

ဒီစာရင်းဇယားများဟာ ကြောက်မက်ဖွယ်ကောင်းနေတဲ့ အချိန်မှာ ကျမ်းစာထဲမှာလည်း ကတိပေးထားပါတယ်။ သခင်ယေရှုဟာ မကြာမီ ပြန်ကြွလာပြီး သူ့ရဲ့နိုင်ငံတော်ကို ကမ္ဘာပေါ် မှာ ငြိမ်သက်ခြင်း၊ ပေါကြွယ်ဝခြင်းများနှင့် တည်ထောင်မယ်လို့ ပြောထားပါတယ်။

## လူအများနှင့်အောင်မြင်စွာဆက်ဆံခြင်း

### *ဆက်ဆံရေး၏သော့ချက်များ*

၁။ မိမိကိုယ်ကို ပြန်မေးပါ "ကျွန်ုပ်ဘာကိုရရှိဖို့ ကြိုးစား နေတာလဲ?" သင်အလိုရှိသည့်အချက်ကို တိတိကျကျသိရှိပါက ၎င်းအားနားလည်လွယ်သည့် နေ့စဉ်သုံးစကားဖြင့်ဖော်ပြပါ။

၂။ တိကျပါ။ မရေရာမပြတ်သားသည့် ယေဘူယျသဘော ဆောင်သည့် စကားကိုမပြောပါနှင့်။

၃။ လိုအပ်ပါက မေးခွန်းမေးပါ။ ရှုပ်ထွေးတတ်သည့်အရာ များအား ထပ်၍ပြောစေခြင်း သို့မဟုတ် ၎င်းတို့၏ပြောဆိုချက်များအားပြန်လည်၍ ပြောစေခြင်းဖြင့် ရှင်းလင်းသွားနိုင်၏။

၄။ "ကျွန်ုပ်မသိပါ" ဟုပြောရန် ဝန်မလေးပါနှင့်။

၅။ ဆက်သွယ်သည့်အရာမှန်သမျှဆက်ဆံရေးပင်ဖြစ်သည်။ ဆက်သွယ်ရာတွင် အချိန်မှန်ခြင်း။ ကိုယ်ခန္ဓာဘာသာဖြင့်ဆက်သွယ်ခြင်း။ သင့်အသင့်အနေအထားဖြင့် ဆက်သွယ်ခြင်း။ တိတ် ဆိတ်စွာနေခြင်းဖြင့် ဆက်သွယ်ခြင်း။

၆။ သင်ဆက်သွယ်သည့်လူများအားခွဲခြားခြင်းမရှိဘဲ ဆက် ဆံမှုကိုပေးပါ။ ကျွန်ုပ်တို့အားလုံးဟာ တစ်ချိန်မှာ အလုပ်တစ်မျိုးတည်းကိုဘဲ ကောင်းကောင်းလုပ်နိုင်ပါတယ်။

၇။ သင်နှင့်စကားပြောသောသူအား ကြားဖြတ်မပြောပါနှင့်။

၈။ လွန်ကဲသည့်ဆက်သွယ်မှုမျိုးမလုပ်ပါနှင့်။ စာရေးဆရာ တစ်ဦးမှ "ယေဘုယျအားဖြင့် ပြောစရာစကားမရှိသောသူသည်

အကြာဆုံးအလုပ်လုပ်သူဖြစ်သည်" လို့ပြောပါတယ်။

၉။ လူအများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းသည် ဆန့်ကျင် ဘက်လုပ်တာထက် ပို၍လွယ်ကူပါသည်။ တစ်ဦးနှင့်တစ်ဦးဆန့်ကျင်သည့်အခါမျိုးတွင် ထိပ်တိုက်တွေ့ရတတ်သည်။ ထို့ကြောင့် ဝိရောဓိနှင့် ဥပဓိရှုပ်တို့၏ သဘောထားကွဲလွဲမှုကိုရှောင်ကြဉ်ပါ။

၁၀။ ၎င်းတို့၏ တိုးတက်မှုများနှင့် အောင်မြင်မှုများအား ပွင့်ပွင့်လင်းလင်းနှင့် စစ်မှန်သည့်စိတ်နှင့် ချီးမွမ်းပါက လူများသည် သင့်အပေါ် ပို၍စိတ်တိမ်းညွတ်လာရုံမက ချိုသာစွာလည်းဆက် ဆံလာပေမည်။

၁၁။ လူများအား ပြစ်တင်ရှုတ်ချမည့်အစား ၎င်းတို့ကိုနား လည်အောင် ကြိုးစားပါ။ ၎င်းတို့လုပ်သည့်ကိစ္စအားဘာကြောင့်လုပ်ရသည်ကို ကြိုးစားဖော်ထုတ်ပါ။ ဝေဖန်ခြင်းထက်ပိုပြီး အကျိုး ရှိတာကို တွေ့ရပေမည်။ ၎င်းသည် သနားခြင်း၊ စိတ်ရှည်ခြင်းနှင့် ကြင်နာခြင်းတို့ရဲ့ အကြောင်းရင်းဘဲဖြစ်ပါတယ်။

၁၂။ လိုအပ်သော ဝေဖန်ချက်များအားကြင်နာသောစိတ်၊ ကူညီလိုသည့်စိတ်နှင့်သာ ဖော်ပြပါ။ ရံဖန်ရံခါမှာတော့ တစ်စုံတစ်ယောက်ရဲ့အမှားကို ထောက်ပြရတဲ့အခါမျိုး၊ အပြုသဘော ဆောင်သည့် ဝေဖန်မှုမျိုးများအား လုပ်ရသည့်အခါများနှင့် ကြုံရပါလိမ့်မည်။ မလိုအပ်တဲ့ ဝိရောဓိဖြစ်မှုများကို သေးငယ်အောင် လုပ်ဖို့အကြံဉာဏ်အချို့သင့်အားပေးထားပါသည်။

(က) ပထမဆုံးသင့်လျော်သည့်အချိန်နဲ့ နေရာ အထူးသဖြင့် သီးသန့်ဖြစ်ဖို့ လိုပါသည်။ အမှန်တကယ် မလိုအပ်ပါဘဲနှင့် လူအ များရှေ့တွင် သူ့အားမဝေဖန်ပါနှင့်။

(ခ) ဝေဖန်ခြင်းကို တိုက်ရိုက်မလုပ်ပါနှင့်။ ၎င်းတို့ပြုလုပ် နေသည့်အရာများအတွက် သဘောတူညီချက်ဖြင့် အစပြုပါ။

(ဂ) လူ၏အပေါ်တွင်မဟုတ်ဘဲ ပြုပြင်သင့်သည့် အပြုအမူ အပေါ်မှာသာအာရုံစိုက်ပါ။

(ဃ) ပြဿနာကိုဆွေးနွေးသည်နှင့်တစ်ပြိုင်နက်တိတိကျကျ ပြောပါ။ ပြဿနာရဲ့ဖြစ်နိုင်တဲ့ အဖြေများကို ထောက်ခံညွှန်ပြပါ။

(င) ဆွေးနွေးခြင်းကို အပြုသဘောနှင့် အဆုံးသတ်ပါ။ ၎င်း တို့အနေနှင့် ကြိုးစားအားစိုက်ထုတ်ပါက ၎င်းပြဿနာများအား ဖြေရှင်းနိုင်တာကို သင်ယုံကြည်ကြောင်းနှင့် ၎င်းအားကူညီရန် အဆင်သင့်ရှိကြောင်းဖော်ပြပါ။

## ဆုတောင်းခြင်း - ကောင်းကင်နှင့်ဆက်သွယ်သည့် တစ်ခုတည်းသောလမ်းကြောင်း

ပုံပြင်လေးကတော့ သင်းအုပ်ဆရာတစ်ပါးဟာ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နဲ့ လူကြီးတစ်ယောက်ဟာ သူ့ရဲ့ဘုရားကျောင်းထဲကို နေ့လည်တိုင်းဝင်သွားပြီး မိနစ်အနည်းငယ်မှာထွက် လာတာကို နေ့တိုင်းတွေ့ရတဲ့အခါ သူ့စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်နေပါတယ်။ ဒီလူဘာတွေလုပ်နေလဲ? ဒါနဲ့သူဟာ အစောင့်ကို ဒီလူကြီးကို ခေါ်မေးဖို့အကြောင်းကြားလိုက်ပါတယ်။ အဲဒီနေရာမှာကလည်းအဖိုးတန်ပစ္စည်းတွေရှိနေပါတယ်။"ကျွန်တော်ဆုတောင်း ဖို့ သွားတာပါ"လို့အစောင့်ရဲ့မေးခွန်းကိုဒီလူပြန်ဖြေလိုက်ပါတယ်။

အဲဒါနဲ့သူက "ပြောစမ်း၊ ပြောစမ်း ခင်ဗျားဟာ ဘုရားကျောင်းထဲ သွားတာ ဆုတောင်းရလောက်အောင် ဘယ်တော့မှ မကြာပါလား"

"ဟုတ်တယ်လေသိတယ်မဟုတ်လား၊ကျွန်တော်ကဘယ်လိုရှည်ရှည် ဝေးဝေးဆုတောင်းရမလဲ မသိပေမဲ့ နေ့တိုင်း ဆယ့်နှစ်နာရီထိုးတိုင်း ကျွန်တော်လာပြီး 'သခင်ယေရှု ဒီမှာ ဂျင်း(မ်)ပါ' လို့ဘဲပြောလိုက်တယ်။ တစ်မိနစ်လောက်စောင့်ပြီးထွက်သွားတယ်။ ဆုတောင်းချက် တိုတိုလေးပေမဲ့ သူကျွန်တော့်ကိုကြားတယ်လို့ ကျွန်တော်ထင်တယ်"




နောက်များမကြာမီ ဂျင်း(မ်)ဟာ ဒဏ်ရာရပြီးဆေးရုံကို ခေါ်သွားကြတယ်။ အဲဒီမှာသူ့ရဲ့အံ့သြဖွယ်ရာအကျိုးသက်ရောက်မှုကို တွေ့ရပါတယ်။ ငြီးတွားနေတဲ့လူမမာတွေဟာပျော်ရွှင်လာတယ်။ မကြာခဏဘဲ သူတို့ရဲ့အဆောင်မှာ ရီသံတွေ လွှမ်းမိုးနေပါတယ်။

တစ်နေ့ကျတော့ သူနာပြုဆရာမတစ်ယောက်က "ကောင်းပြီ ဂျင်း(မ်) လူတွေဒီအဆောင်ကြီးပြောင်းလဲသွားတာ ရှင့်ကြောင့်လို့ပြောနေကြတယ်။ ရှင်ဟာ အမြဲပဲ ပျော်ရွှင်နေတယ်လို့ပြောကြတယ်" "ဟုတ်တယ်လေ ကျွန်တော်မပျော်ဘဲ မနေနိုင်ဘူး။ ခင်ဗျားသိလား အဲဒါကျွန်တော့် ဧည့်သည်ကြောင့်ဘဲ။ သူဟာနေ့တိုင်း ကျွန်တော့်ကို ပျော်ရွှင်အောင်လုပ်ပေးတယ်" "ရှင့်ဧည့်သည် ဟုတ်လား?"

သူနာပြုဆရာမဟာအံ့အားသင့်သွားပါတယ်။ဂျင်း(မ်) ရဲ့ကုလားထိုင်ဟာ ညှော်သည်ချိန်မှာ အမြဲတမ်းလွတ်နေတာကို ဆရာမကသိထားတယ်။ သူဟာအထီးကျန်ပြီး ဆွေမျိုးသားချင်းလည်းမရှိဘူး။ "ရှင့်ဧည့်သည်?၊ သူဘယ်အချိန်လာတာလဲ?"

"နေ့တိုင်းဘဲ" လို့ ဂျင်း(မ်)ကပြန်ဖြေလိုက်တယ်။ သူ့ရဲ့ မျက်လုံးတွေဟာ တောက်ပနေပြီး "ဟုတ်တယ် နေ့တိုင်းဆယ့်နှစ်နာရီ မှာလေ၊ သူလာပြီး ကျွန်တော့်ခုတင်ခြေရင်းမှာရပ်တယ်၊ ပြီးတော့ ကျွန်တော့်ကုတင်ခြေရင်းမှာရပ်တယ်။ ပြီးတော့ ကျွန်တော့်ကို ပြုံးကြည့်ပြီး "ဂျင်း(မ်) ဒီမှာ သခင်ယေရှုလေ" လို့ပြောပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ တစ်ညမှာ ဗြိတိသျှစစ်သား တစ်ယောက်ဟာ အနောက်ဘက်မှာရှိတဲ့ တောအုပ်ထဲကနေပြီး ခိုးကြောင်ခိုးဝှက်နဲ့ သူ့ရဲ့အဆောင်ကို တွားပြီးပြန်လာတာကို ဖမ်းမိတယ်။ သူ့ကိုတပ်ရင်းမှူးဆီခေါ်သွားပြီး ရန်သူနဲ့ ဆက်သွယ်တယ်ဆိုပြီး စွဲချက်တင်ပါတယ်။ ဒီလူက သူဟာ တောအုပ်ထဲကို တစ်ဦးတည်း ဆုတောင်းဖို့သွားတာပါ လို့ လျှောက်လဲပါတယ်။ ဒါဟာ သူ့ရဲ့ တစ်ခုတည်းသော ခုခံကာကွယ်မှုဘဲဖြစ်ပါတယ်။

"မင်းဟာ ဒီလိုသီးသန့်ဆုတောင်းဖို့ အချိန်ယူတတ်တဲ့ အကျင့်ရှိလား?" လို့အရာရှိက ဒေါသတကြီးနဲ့ မေးလိုက်တယ်။

"ဟုတ်ကဲ့ဆရာ"

"ဒါဆို အခုချက်ခြင်း ဒူးထောက်ပြီး ဆုတောင်းစမ်း" လို့ ကြိမ်းဝါးလိုက်တယ် "မင်းအတွက် ဒါတွေသိပ်မလိုအပ်ပါဘူး"

သေရတော့မယ်လို့ထင်ပြီး စစ်သားလေးဟာ ဒူးထောက်ကာ သူ့ရဲ့နှလုံးသားထဲက ထွက်လာတဲ့ စကားတွေနဲ့ ဆုတောင်းပြီး မိမိရဲ့အသက်ကို သခင်ယေရှုလက်ထဲကို အပ်နှံလိုက်ပါတယ်။

"မင်းသွားနိုင်ပြီ" လို့စစ်သားလေး ဆုတောင်းပြီးတဲ့အခါ အရာရှိက ရှုံးရှုံးကြီးပြောလိုက်ပါတယ်။ "မင်းပြောတာကိုငါယုံတယ် မင်းဒီလို မလုပ်ဖူးရင် အခုလို ကောင်းကောင်းဆုတောင်းနိုင်မှာ မဟုတ်ဘူး"

♦ ♦ ♦

ဆုတောင်းခြင်းကိုပေးတဲ့ ဘုရားရဲ့အဖြေဟာ တိကျပြည့်စုံပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုရင် ကျွန်ုပ်တို့ဟာ မကြာခဏပဲ မုန့်နဲ့တူတဲ့ ကျောက်ခဲကိုတောင်းတတ်ကြပါတယ်။ ဒါပေမဲ့ သူက ကျွန်ုပ်တို့ကို ပေါင်မုန့်ပေးပါတယ်။ ဒီပေါင်မုန့်ဟာလည်း ကျွန်ုပ်တို့ရဲ့အနီးမှုန်မျက်စိကြောင့် ကျောက်ခဲလို့ထင်နေတဲ့ ပေါင်မုန့်ဘဲဖြစ်ပါတယ်။

♦ ♦ ♦

ဘုရားသခင်နားညောင်းတဲ့ဆုတောင်းခြင်းဆိုသည်မှာ သချ်ာဆန်သော ဆုတောင်းခြင်းများနှင့် ဘယ်လောက်များသလဲ ကြောင့် မဟုတ်ပါ။ စိတ်ဝင်စားအောင် ဆုတောင်းခြင်းများ၊ စကားပြောကောင်းခြင်းများ ဆုတောင်းခြင်း၏ ပုံသဏ္ဍာန်များဘယ်လောက်ရှည်သလဲ၊ ဆုတောင်းခြင်း၏သံစဉ်၊ အသံချိုသာမှု၊ ယုတ္တိဗေဒကျမှု ဘယ်လောက်အချက်ကျကျပြောတတ်မှု၊ စံနစ်ကျမှုများကြောင့်လည်းမဟုတ်ပါ။ "နှလုံးသားရဲ့ ယုံကြည်ချက်နဲ့စိတ်အား ထက်သန်မှုအားဖြင့်သာလျှင် အဖြေရရှိခြင်းဖြစ်၏။ (ယာကုပ် ၅း၁၆ တွင်ကြည့်ပါ)

♦ ♦ ♦

ကျွန်တော်ဟာ ကျွန်တော့်ရဲ့ တယ်လီစကုပ်ကိုယူပြီး လေဟာပြင်ထဲကို မိုင်သန်းပေါင်းများစွာကြည့်ရှုနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ တယ်လီစကုပ်ကို ချထားလိုက်ပြီး ကျွန်တော့်အခန်းထဲဝင် တံခါးပိတ်ပြီး စိတ်အားထက်သန်စွာဆုတောင်းပါကကောင်းကင်ကို ပိုမို၍မြင်ရရုံသာမက ဘုရားသခင်နှင့် ပိုမို၍နီးကပ်တာဟာ ကမ္ဘာပေါ်ရှိ တယ်လီစကုပ်တို့ အရာဝတ္ထုတို့ကို အသုံးပြုတာထက် ပိုမို၍ ထင်ရှားပါသည်။ (အိုင်းဇက်နျူတန်)

♦ ♦ ♦